# ရွာသာကုန်းကျေးရွာ

# စလင်းမြို့နယ်၊ မကွေးတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၁၉ - ၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရွာသာကုန်းကျေးရွာ၊ စလင်း မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊ မေလ

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်းရေးသားခြင်း


စဉ် အကြောင်းအရာ

စကားချီး

ရွာသာကုန်းကျေးရွာသယံဇာတပြမြေပုံ၊ စလင်း မြို့နယ်

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က)သီးနှံစိုက်ပျိုးရေး

( ခ )မွေးမြူရေးလုပ်ငန်း

( ဂ)စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

(ဃ)ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

(ခ ) ကျေးရွာမီးလင်းရေး

(ဂ ) သတင်းနှင့် ဆက်သွယ်ရေး

၆။ ပညာရေး

၇။ ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

၈။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

နောက်ဆက်တွဲ

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယား

နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

နောက်ဆက်တွဲ(၄) ဦးစားပေးစီမံချက်အဆိုပြုလွှာ(၁)

နောက်ဆက်တွဲ(၅) ဦးစားပေးစီမံချက်အဆိုပြုလွှာ(၂)

နောက်ဆက်တွဲ(၆) ဦးစားပေးစီမံချက်အဆိုပြုလွှာ(၃)

စကားချီး

ကျွန်ုပ်တို့ ရွာသာကုန်းကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၉/၂၀၂၀ဘဏ္ဍာရေးနှစ်မှ၂၀၂၃/၂၀၂၄ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပြည်သူလူထုပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကျွန်တော်တို့ရွာသာကုန်းကျေးရွာတွင် အရေးကိစ္စ၊ ဖွံ့ဖြိုးရေးကိစ္စများ ပေါ်ပေါက်လာခဲ့လျှင် ကျေးရွာဓလေ့အရ စုပေါင်းဆောင်ရွက်ခဲ့ကြသော်လည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံဆောင်ရွက်ပေးသကဲ့သို့ စနစ်တကျမရှိခဲ့ပေ။ ယခုအခါ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ စီမံပေးမှုကြောင့် ဘဏ္ဍာရေး၊ စာရင်းဇယား၊ စီမံခန့်ခွဲမှု၊ စုပေါင်းလုပ်ဆောင်မှုများ၊ လုပ်ဆောင်နည်းများကို သိရှိနားလည်ခဲ့ရပါသည်။ အထူးသဖြင့်အသင်းအဖွဲ့အစု လိုက်၊ အဖွဲ့လိုက်လုပ်ဆောင်ချက်များ၊ ချိတ်ဆက်ပုံများကို အသိအမြင်များရရှိတိုးတက်လာပါသည်။ ၎င်းအသိအမြင်များကို အသုံးချပြီး ဆောင်ရွက်မှုများပြုလုပ်ပါလျှင် ပိုမိုတိုးတက်လာမည်ဟုလည်းယုံကြည်မိ ပါသည်။

နောက်နောင်တွင်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ စီမံမှုများကိုရယူ၍ ကျွန်တော်တို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူပေါင်းလိုက်နာဆောင်ရွက်ရန် အသင့်ဖြစ်နေပြီဖြစ်သည်။ ဆက်လက်လုပ်ဆောင်သွားနိုင်မည်ဟုလည်း ရွာသာကုန်းကျေးရွာပြည်သူများနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ(၉) ဦးမှလည်းယုံကြည်မိပါသည်။

လူထုကိုယ်တိုင်အချင်းချင်းညှိနှိုင်းဆွေးနွေးပြီး ရရှိလာသည့်အဖြေအပေါ်တွင် ဦးစားပေးအစီအစဉ် အလိုက်ရေးဆွဲကြသည်။ စနစ်တကျရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်တတ်စေရန် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာများသို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့ ဖွဲ့ပေးပြီး စီမံဆောင်ရွက်ပေးပါသည်။

ဖွံ့ဖြိုးရေးကဏ္ဍအပိုင်းအလိုက်လည်း တဆင့်ပြီးတဆင့်စီမံဆောင်ရွက်လျက်ရှိပါသည်။ ယခုလို ရွာသာကုန်းကျေးရွာဖွံ့ဖြိုးရေးကို အစစအရာရာကူညီပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ထမ်းဆောင်လျက် ရှိကြသောဦးစီးမှူးနှင့် အမှုထမ်းဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသော ဌာနဆိုင်ရာလူကြီးမင်းများကို ရွာသာကုန်းကျေးရွာသူ/သားများနှင့် ရွာသာကုန်းကျေးရွာဖွံ့ဖြိုးရေးကော်မတီတို့မှ လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ဝမ်းမြောက်နေရပါသည်။

ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများကိုဆောင်ရွက်ရာတွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်၊ စီမံကိန်း ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများပါဝင်ပါသည်။ ဖွံ့ဖြိုးရေးအစီအစဉ်များကို အကောင်အထည် ဖော်ရာတွင် လိုအပ်ချက်အခက်အခဲများနှင့် နည်းပညာအခက်အခဲများရှိပါသည်။ စီမံကိန်းများကိုနှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းတွင် လိုအပ်ချက်များကို ထိထိရောက်ရောက် ဖြည့်ဆည်းနိုင်မည်ဖြစ်သည်။

ရွာသာကုန်းကျေးရွာ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်တွင် ဦးစားပေးအစီအစဉ်များကို ကျေးရွာရှိ ပြည်သူများ၏ရင်ထဲမှလာသော လုပ်ဆောင်လိုသည့် ဆန္ဒများကိုစုစည်းကာ အမှတ်ပေး၍ဦးစားပေး အစီအစဉ်အလိုက်တင်ပြထားပါသည်။ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှလည်း ကျွန်ုပ်တို့ကျေးရွာအား ဆက်လက်ပံ့ပိုးပေးနိုင်ပါစေကြောင်း ရွာသာကုန်းကျေးရွာ ပြည်သူလူထုတို့မှ ဆုတောင်းလျက်ရှိပါသည်။

ဧပြီလ၊ ၂၀၂၀ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ရွာသာကုန်းကျေးရွာ

စလင်း မြို့နယ်

## ၁။ တည်နေရာနှင့် ပထဝီအနေအထား

ရွာသာကုန်းကျေးရွာသည် မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ ရေကြည်ကျေးရွာ အုပ်စုတွင်ပါဝင်ပါသည်။ အရှေ့ဘက်တွင် ဧရာဝတီမြစ်၊ တောင်ဘက်တွင် မကျီးကုန်းကျေးရွာ၊ အနောက်ဘက်တွင်ဇီးကုန်းရွာနှင့် မြောက်ဘက်တွင် ဆင်ဖြူကျွန်းမြို့တို့အကြား တည်ရှိပါသည်။ အရှေ့မှ အနောက်ရှည်လျားနေသည့် ရွာတန်းရှည်တည်ဆောက်ထားသောရွာဖြစ်ပါသည်။ ဧရာဝတီမြစ်၏ကမ်းပါးပြို သည့်ဒဏ်ကြောင့် ကမ်းပါးနှင့်လွတ်ရာရွှေ့ပြောင်းရသည့် အခြားရွာမှနေအိမ်များနှင့်လည်းထိစပ်နေပါသည်။

မြန်မာနိုင်ငံ၏အလယ်ပိုင်းချိုင့်ဝှမ်းတွင် တည်ရှိနေသည်နှင့်အညီ တစ်နှစ်ပတ်လုံးမိုးရေချိန် (၄၀)လက်မအောက်သာရရှိ၍ ပူပြင်းခြောက်သွေ့သည့်ဒေသဖြစ်သည်။ ကျေးရွာ၏ တောင်ဘက်၊ အနောက်ဘက်၊ မြောက်ဘက်များတွင် လယ်မြေများရှိပြီး ကျေးရွာ၏အရှေ့ဘက်တွင် ဧရာဝတီမြစ်မှ ပေါ်ထွန်းနေသည့်ကျွန်းမြေများလည်းရှိပါသည်။ မြေနုကျွန်းများကိုလည်း တစ်နှစ်တစ်ရာသီလုပ်ကိုင်ခွင့်များ ရနေကြ၍ မြေနုကျွန်းများအပေါ် မှီခိုလုပ်ကိုင်ခွင့်များလည်းရှိကြပါသည်။ စလင်းမြို့နှင့် ဆင်ဖြူကျွန်းမြို့ တို့ကိုဆက်သွယ်ထားသည့် လမ်းမကြီးသို့ ကျေးရွာနှင့်ဆက်သွယ်ထားသည့်ချဉ်းကပ်လမ်းရှိနေသဖြင့် သယ်ယူပို့ဆောင်ရေးမှာ ကား၊ ဆိုင်ကယ်၊ ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ်များကို အသုံးပြုကြရပါသည်။ လယ်မြေများနှင့်ကျွန်းမြေများတွင် ရာသီအလိုက်သီးနှံစိုက်ပျိုးခြင်းအလုပ်ကို အဓိကထားလုပ်ကိုင်၍ အသက်မွေးရပ်တည်ကြပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ရွာသာကုန်းကျေးရွာသည် မြန်မာနိုင်ငံအလယ်ပိုင်း မိုးခေါင်ရေရှားအရပ်ဒေသတွင်တည်ရှိနေသည့် ကျေးရွာဖြစ်ပါသည်။ နွေ၊ မိုး၊ ဆောင်း ရာသီဥတု(၃)မျိုးလုံးကိုတွေ့ရပါသည်။ အလွန်ပူပြင်းသည့်နေရာတွင် တစ်နှစ်ထက်တစ်နှစ် အပူချိန်များပိုမိုမြင့်တက်လာသည်ကိုတွေ့ရသည်။ မိုးရာသီတွင်ယခင်နှစ်နှင့်မတူဘဲ မိုးရေချိန်လျော့နည်းလာမှုကြောင့် သီးနှံစိုက်ပျိုးရာတွင် မိုးရေလိုအပ်ချက်များနှင့်ကြုံတွေ့ရသည်။ တောင်သူများမှာ ရာသီအလိုက်စိုက်ပျိုးရေး (စိုက်ပျိုးသီးနှံနှင့်ရာသီ) အဆင်ပြေစေရန် မှန်းဆနိုင်မှု၊ မျှော်မှန်း နိုင်မှု အခက်အခဲများလည်းရှိကြသည်။ အအေးပိုလာရမည့်ဆောင်းရာသီတွင် အအေးနောက်ကျပြီး အပူချိန်မြင့်နေမှုများကြုံတွေ့ရတတ်ပြန်သည်။ ရာသီ(၃)မျိုးလုံးမှာဖောက်ပြန်နေမှု အနည်းဆုံးတစ်မျိုးစီခန့် ကြုံတွေ့နေရပါသည်။ သဘာဝအရင်းအမြစ်များဖြစ်သည့် လယ်မြေများတွင်လည်း မြေဆီသြဇာလျော့နည်း လာပြီးကျွန်းမြေများတွင်မြေဆီကောင်းပြီး

သဘာဝဘေးအန္တရာယ်ဖြစ်သော မြစ်ရေစောစီးစွာမြင့်တက်မှုများ ကိုရံဖန်ရံခါခံစားကြရပြန်ပါသည်။ လယ်ယာမြေမှစပါးကိုသာ အဓိကထားစိုက်ပျိုးပြီး ပဲမျိုးစုံအမျိုးမျိုးနှင့် နှမ်းနှင့်ဆီထွက်သီးနှံတို့လည်းထွက်ရှိပါသည်။

၃။ **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်**

ရွာသာကုန်းကျေးရွာလူထုသည် မြေယာများကိုအဓိကထားရပ်တည်နေကြရသော်လည်း အများစုမှာ မြေယာမဲ့ဆင်းရဲသားများဖြစ်ကြသည်။ ကျေးလက်နေပြည်သူများဝိုင်းဝန်း၍ ကိုယ်ထူကိုယ်ထစနစ်များဖြင့် လမ်းပြုပြင်ခြင်း၊ လျှပ်စစ်မီးလင်းရေးလုပ်ခြင်းတို့ကို စည်းစည်းလုံးလုံးလုပ်ဆောင်ကြသည်။ဤသို့ဖြင့် ပညာရေးစွမ်းရည်မြှင့်တင်ရေးကိုလည်း စည်းလုံးခြင်းအင်အားကိုယူပြီး လုပ်ဆောင်ကြပါသည်။

ရွာသာကုန်းကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ရာ၌ အုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖ၊ လူငယ်အဖွဲ့၊ ဝတ်ရွတ်အဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ ရွှေစင်ကြယ်ပရဟိတအသင်းအဖွဲ့တို့ရှိပါ သည်။ အဖွဲ့အချင်းချင်း ဆက်သွယ်မှုစနစ်တကျ အပြန်အလှန်ချိတ်ဆက်မှု လုပ်ကိုင်ပုံလုပ်ကိုင်နည်းများဖြင့် ကျနသေချာစွာလုပ်ကိုင်တတ်မှုမရှိသေးပေ။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာကော်မတီအဖွဲ့ ဖွဲ့စည်းရာတွင်ကျေးရွာသား များကိုယ်တိုင်ရွေးချယ်ပေးသော အမျိုးသား၊ အမျိုးသမီးများအားပါဝင်စေခဲ့ပါသည်။

ကျေးရွာလူထုမှရွေးချယ်ပေးသည့် အမျိုးသမီးများပါဝင်သည့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့(၉)ဦး သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုလုပ်ဆောင်ရာတွင် ကျေးရွာလူထုများ၊ ကျေးရွာတွင်ရှိသည့် အဖွဲ့အစည်းအသီးသီးတို့နှင့် လိုအပ်သလိုအစည်းအဝေးလုပ်ကာ ညှိနှိုင်းဆွေးနွေးခြင်း၊ လုပ်ဆောင်မည့် လုပ်ငန်းများကိုရယူပြီး အစီအစဉ်ချရေးဆွဲခြင်း၊ လုပ်ငန်းခွင်ကြီးကြပ်ရန်ဆွေးနွေးခြင်းပြုလုပ်ပြီး ကျေးရွာရှိ အဖွဲ့အစည်းအချင်းချင်းအပြန်အလှန်ဆက်သွယ်၍ သက်ဆိုင်ရာဦးစီးဌာနနှင့် မြို့နယ်ရှိသက်ဆိုင်ရာဌာန အသီးသီးတို့ကို ချိတ်ဆက်လုပ်ဆောင်ကြမည်ဖြစ်သည်။

## ၄။ **စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ**

### (က)**သီးနှံစိုက်ပျိုးရေး**

ရွာသာကုန်းကျေးရွာတွင် စပါး၊ နှမ်း၊ မြေပဲနှင့် ပဲမျိုးစုံတို့ကို အဓိကထားစိုက်ပျိုးကြပါသည်။ ကုန်စိမ်းသီးနှံများဖြစ်သည့် ငရုတ်၊ ကြက်သွန်၊ ခရမ်းချဉ်၊ ခရမ်းသီးအစရှိသည်တို့ကိုလည်း တပိုင်တနိုင်အနေ နှင့် တဖက်တလမ်းမှ ဝင်ငွေရရှိစေရန် စိုက်ပျိုးထုတ်လုပ်ကြပါသည်။ မြေပဲတစ်ကေလျှင် (၂၀)တင်းမှ (၃၀)တင်း၊နှမ်းတစ်ကေလျှင်(၈)တင်းမှ(၁၀)တင်း၊ စပါးတစ်ကေလျှင်(၆၀)တင်းမှ(၇၀)တင်း ထွက်ရှိပါသည်။ သုခစပါးတစ်တင်းလျှင် (၆၅၀၀၀ိ/-)နှုန်း၊ နှမ်းတစ်တင်းလျှင်(၇၀၀၀ိ/-)နှုန်းခန့်ပေါက်နေသော်လည်း ဈေးနှုန်းတည်ငြိမ်မှုနည်းပါးနေပါသည်။

လယ်မြေ(၂၉၆)ကေရှိပြီး ကျွန်းမြေမှာတစ်နှစ်တစ်ရာသီမျှသာ လုပ်ကိုင်စားသောက်ကြပါသည်။ ဆင်းရဲသောမိသားစုများပေါမြားသဖြင့် သွင်းအားစုကုန်ကျစရိတ်များကို မြန်မာ့လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုး ရေးဘဏ်နှင့် ချေးငွေအမျိုးမျိုးတို့အပေါ် မှီခိုအားထားကြရပါသည်။ ပိုးသတ်ဆေးနှင့် မြေဩဇာအမျိုးမျိုး တို့ကိုကုမ္ပဏီ၊ စိုက်ပျိုးရေးဆေးဆိုင်များနှင့် စလင်းမြို့ရှိဈေးဆိုင်များတွင် လက်လီလက်ကားဝယ်ယူ ဝယ်ယူကြပါသည်။

### (ခ) **မွေးမြူရေးလုပ်ငန်း**

ရွာသာကုန်းကျေးရွာတွင် ဝက်မွေးမြူသည့် အိမ်ထောင်စုဦးရေ(၅၇)စု၊ ကြက်မွေးမြူသည့် အိမ်ထောင်စုဦးရေ(၈၃)စုမွေးမြူကြသည်။ တောင်သူများလည်းခိုင်းနွားနှင့် တွဲဖက်၍တပိုင်တနိုင်မွေးမြူကြ သည့် အိမ်ထောင်စုဦးရေ(၁၂၀)စုရှိကြသည်။ တိရစ္ဆာန်ရောဂါဖြစ်ပွားပါက စလင်းမြို့နယ်၊မွေးမြူရေးနှင့်ကုသ ရေးဦးစီးဌာနသို့ အသိပေးကုသကြရသည်။ ကျရောက်တတ်သောရောဂါများကို ထိထိရောက်ရောက် ကာကွယ်နည်းနှင့် ကုသမှုနည်းပညာ အသိပညာနည်းသဖြင့် စီးပွားဖြစ်မွေးမြူရန်အခက်အခဲရှိပါသည်။

အသားငါးဈေးကွက်မှာ လိုင်စင်ရသူများ၏ ထိန်းချုပ်မှုရှိခြင်း၊ ကျေးရွာနေပြည်သူများ၏ လုပ်ပိုင်ခွင့်များလျော့နည်းမှုတို့ကြောင့် သားငါးဈေးကွက်မြင့်မားနေပါသည်။ လွတ်လပ်စွာအသားဈေးကွက် လုပ်ကိုင်ခွင့်နည်းပါးမှုတို့သည် မွေးမြူကြမည့် မွေးမြူရေးလုပ်ငန်းရှင်တို့၏ အကျိုးအမြတ်ကို ထိခိုက်စေ သဖြင့် စီးပွားဖြစ်မွေးမြူသူနည်းလှပါသည်။

### (ဂ) **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ**

အသက်မွေးဝမ်းကြောင်းနည်းပညာ ချို့တဲ့မှုများကြောင့် ကျေးရွာနေပြည်သူများသည် ကာယအားကို အဓိကထားလုပ်ကိုင်နေကြရ၍ ဝင်ငွေနည်းပါးကြသည်။ စိုက်ပျိုးရေးလုပ်ငန်း မဟုတ်သော ကျေးလက်ပြည်သူ များမှာ မြေယာများတွင် နေ့စားအလုပ်များကိုလုပ်ကိုင်ခြင်း၊ ပန်းရံပေါ်ပေါက်လာသည့် အလုပ်များကိုကြုံသလိုလုပ်ကိုင်ခြင်း၊ လက်သမား၊ ဈေးဆိုင်ဈေးရောင်း၊ သယ်ယူပို့ဆောင်ရေး၊ စက်မှုတွင်ခုံ အလုပ်ကိုလုပ်ကိုင်ကြသည်။ အလုပ်များမှာပုံမှန်ဝင်ငွေနှင့် ပုံမှန်လုပ်ငန်းသတ်သတ်မှတ်မှတ်မရှိကြပေ။ အစိုးရဝန်ထမ်းများသာပုံမှန်ဝင်ငွေရရှိပါသည်။ ကုမ္ပဏီများတွင်လုပ်ကိုင်နေသည့် ဝန်ထမ်းအချို့လည်းရှိနေ ကြပါသည်။ အချို့မှာဆိုင်ကယ်များဖြင့် ကုန်စိမ်းများအား ကျေးရွာတွင်းလှည့်လည်ရောင်းချသူများလည်းရှိ သည်။ မြေယာမဲ့ အခြားဝင်ငွေရလုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စု ( ၁၇၄ )စုရှိပါသည်။

(ဃ) **ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ကျေးရွာတွင်တောင်သူများသည် စိုက်ပျိုးရေးဘဏ်မှ ချေးယူကာ စိုက်ပျိုးရေးတွင်ရင်းနှီးမြှပ်နှံကြ သည်။ စိုက်ဘဏ်မှအတိုးနှုန်း ( %)နှင့် တောင်သူဦးရေ (၇၀)သည် ချေးယူကြသည်။ သမဝါယမချေးငွေ အပေါ်တွင်လည်း မှီခိုကြရသည်။ ပက်မြန်မာတွင်အဖွဲ့ဝင်သူများကို ဝမ်းစာရေးအတွက် (၁၄)ရက်တစ်ပတ် လျှင် အတိုး(၂)ကျပ်နှုန်းဖြင့်ချေးယူကြသည်။ ၎င်းငွေများကိုလုပ်အားခလျှော့ဈေးဖြင့် လုပ်အားခကြိုယူစနစ် ဖြင့် ပြန်လည်ပေးဆပ်ခြင်းများလုပ်ကြသည်။ စားဝတ်နေရေးဖူလုံမှုနည်းပါးနေသည်ကိုတွေ့ရသည်။

၅။ **အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများ**

(က) **ကျေးလက်သယ်ယူပို့ဆောင်ရေး**

ကျေးရွာတွင်းရှိလမ်းများသည် မြေသားလမ်းများဖြစ်ကြသည်။ မြေစေးမြေဖြစ်သဖြင့် မိုးရာသီရောက် လျှင် လမ်းများပျက်စီးကြသည်။ ကျေးရွာနေပြည်သူများ၏စည်းလုံးမှုဖြင့် ကျောက်များနှင့်ပြုပြင်ထားရှိ သော်လည်း အဆင့်မီစွာသွားလာနိုင်သောလမ်းအဖြစ် မရှိသေးပေ။ အသင့်အတင့်သာ အသုံးပြုနိုင်သည်။ ခေတ်နှင့်အညီဖွံ့ဖြိုးလာသည့် မော်တော်ဆိုင်ကယ်များလက်ဝယ်ပိုင်ဆိုင်မှုမြင့်တက်လာသဖြင့် မြို့နှင့်ရွာ၊ ရွာအချင်းချင်းဆက်သွယ်ရေးတို့တွင် အဆင်ပြေလာပါသည်။ ရင်နှစ်သည်းချာရင်သွေးငယ်များသည် မူလတန်းအဆင့်ပြီး၍ အလယ်တန်း၊ အထက်တန်းကျောင်းတက်ရာတွင် စက်ဘီးများစီးနင်းကာ ကျောင်းတက်ကြသည်။ စက်ဘီးမရှိသည့်အိမ်ထောင်စုများမှာ အထက်တန်းကျောင်းရှိသောမြို့ရွာများတွင် နီးစပ်ရာဆွေမျိုးသားချင်းအိမ်၌

နေထိုင်စေကာကျောင်းတက်ကြသည်။ ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန်များကို သုံးဘီးဆိုင်ကယ်များ၊ ထော်လာဂျီများငှားရမ်း၍ ပို့ဆောင်ကြသည်။ ရွာသာကုန်းကျေးရွာတွင်သုံးဘီးဆိုင်ကယ် (၁)စီး၊ ထော်လာဂျီ(၂)စီး၊ စက်ဘီး(၁၄၇)စီး၊ မော်တော်ဆိုင်ကယ်(၁၅၀)စီးရှိပါသည်။ အဝေးသို့ကုန်စည်ပို့ဆောင်ရေးတွင်ကားများကိုအသုံးပြုကြသည်။ ကျေးရွာတွင် မော်တော်ကား(၄)စီးရှိပါ သည်။

## (ခ)ကျေးရွာ မီးလင်းရေး

ရွာသာကုန်းကျေးရွာတွင် ကျေးရွာမီးလင်းရေးအတွက် ကျေးရွာမီးလင်းရေးကော်မတီကိုဖွဲ့စည်းထား ပါသည်။ ကျေးရွာမီးလင်းရေးကော်မတီမှဦးဆောင်ပြီး သီးကုန်းကျေးရွာ၊ ဇောင်ချမ်းကုန်းကျေးရွာ၊ မိုးဝန်း ကျေးရွာစသည့် နီးစပ်ရာရွာများနှင့်ပူးပေါင်းကာ ကိုယ်ထူကိုယ်ထမီးလင်းရေးကို လုပ်ဆောင်ခဲ့ကြပါသည်။ ကိုယ်ထူကိုယ်ထမီးလင်းရေးကို အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ကြသော်လည်း မီးအားပြည့်မီခြင်းမရှိသဖြင့် မီးအားပြည့်မီရေးကိုထပ်မံကြိုးစားခဲ့ရပြန်သည်။ ကျေးရွာ၏စီးပွားရေးနိမ့်ကျမှုကြောင့် မဟာဓါတ်အားလိုင်း မှ လျှပ်စစ်မီးကို ရွာသူရွာသားတိုင်းမရကြပေ။ အဆင်ပြေမှုရှိသောအိမ်ထောင်စုများသာမီးရကြပြီး အဆင် မပြေသောအိမ်ထောင်စုများမှာ လျှပ်စစ်မီးမရကြပေ။

မီးလင်းရေးကော်မတီနှင့်ကျေးရွာလူထုတို့ ပူးပေါင်းကြိုးစားမှုဖြင့် လျှပ်စစ်ဝန်ကြီးဌာနမှ ဌာနဆိုင်ရာပံ့ပိုးမှု တို့ဖြင့်ချိတ်ဆက်ပြီး (၂၀၁၉) ခုနှစ်တွင် မီးအားမြှင့်စက်(ထရန်စဖော်မာ)ကို အကောင်အထည်ဖော်ပေးခဲ့ပါ သည်။ ယခုအခါမီးရသူတိုင်းမှာ နိုင်ငံတော်လျှပ်စစ်မီးအားကို ပြည့်ဝစွာခံစားကြရသည်။ လျှပ်စစ်မီး ကောင်းမွန်သဖြင့် တီဗွီ၊ စလောင်း၊ ဖုန်း၊လျှပ်စစ်မီးနှင့် ရေတင်မှုများကိုလည်း အသုံးချရပါသည်။

## (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ရွာသာကုန်းကျေးရွာသည် ပထဝီမြေအနေအထားအရ မြေစေးအမျိုးအစားပေါ်တွင် တည်ထားသည့် ကျေးရွာဖြစ်သည်။ ကျေးရွာတွင်းရှိလမ်းများသည် မြေစေးဖြစ်သည့်အတွက် မိုးရာသီရောက်လျှင် လမ်းများပျက်စီးခြင်း၊ ဗွက်များဖြစ်ပေါ်ခြင်း၊ ရေအိုင်များဖြစ်ပေါ်ခြင်းတို့ကြောင့် သွားလာဆက်သွယ်ရေး ခက်ခဲပါသည်။ ရာသီဥတုကောင်းမွန်မှသာ ထိုက်သင့်သည့်သွားလာဆက်သွယ်ရေးကို လုပ်နိုင်ပါသည်။ သယ်ယူပို့ဆောင်ရေးကိုအသုံးပြုရန် စက်ဘီး(၁၄၇)စီး၊ မော်တော်ဆိုင်ကယ်(၁၅၀)စီး၊ နွားလှည်း(၃၁)စီး၊

ကား(၄)စီးနှင့်ဆက်သွယ်သွားလာကြသည်။ ရပ်နီးရပ်ဝေးချိတ်ဆက်နိုင်ရန် မိုဘိုင်းဖုန်း(၂၄၇)လုံး၊နိုင်ငံတကာ သတင်းများ၊ ပြည်တွင်းဖြစ်ပျက်သမျှကို စလောင်း(၄၇)ခု၊ တီဗွီ(၁၁၂)လုံးတို့နှင့် သတင်းအချက်အလက်များ ကိုသိရှိကြပါသည်။ မိုဘိုင်းဖုန်းတွင်လည်း ပေါ်တွင်လေ့လာတွေ့မြင်ရပါသည်။ မိုဘိုင်းဖုန်းများဖြင့် ဆက်သွယ်၍မရနိုင်သည့်နေရာများလည်းရှိပါသည်။ ကျေးရွာတွင်းလမ်းသည် ရွာနီးပတ်ဝန်းကျင်ရှိရွာများ အသုံးပြုနေသော လမ်းဖြစ်နေ၍ ပိုမိုကောင်းမွန်သောလမ်းဖြစ်ရန် အထူးလိုအပ်လှပါသည်။ ရွာပေါင်းစုံလမ်း ဖြစ်နေ၍ပိုမိုကောင်းမွန်ပါက ကျေးရွာရှိပြည်သူများ၊ ရွာအနီးအနားရှိပြည်သူများ၏လူမှုစီးပွားဘဝတိုးတက် မြင့်မားလာမည်ဖြစ်ပါသည်။

၆။ ပညာရေး

ရွာသာကုန်းကျေးရွာတွင် ပြည်တော်သာစီမံကိန်းချခဲ့သည့် လွန်ခဲ့သော(၇၅)နှစ်ကျော်ကတည်ထောင် ခဲ့သည့်အစိုးရမူလတန်းကျောင်းတစ်ကျောင်းရှိပါသည်။ ယခင်တည်ခဲ့သည့်ကျောင်းဝိုင်းမြေနေရာသည် ကမ်းပါးပြိုရေတိုက်စားမှုကြောင့် ကျောင်းဝိုင်းမြေပျောက်ဆုံးခဲ့ပါသည်။ ကျေးရွာနေလူထုများမှ ဝိုင်းဝန်း ထောက်ပံ့ကူညီမှုတို့ဖြင့် ရွာ၏အလယ်တွင် ပြောင်းရွှေ့တည်ဆောက်ခဲ့သဖြင့် ယခုအချိန်ထိဝင့်ထည်စွာ မားမားမတ်မတ်တည်ရှိလျက်ရှိပါသည်။ ကျေးရွာလူထုအများစုမှာ အားလုံးနီးပါးမျှ မူလတန်းပြီးမြောက်ကြ ပြီးစာမတတ်သူနည်းပါးလှသည်။ အထက်တန်းပြီးမြောက်သူနှင့် ဘွဲ့ဒီဂရီရရှိသူများ၊ အစိုးရတာဝန် ထမ်းဆောင်သူများလည်းအမြောက်အများထွက်ပေါ်နေပြီဖြစ်ပါသည်။ ယခုလက်ရှိမူလတန်းကျောင်းတွင် ကျောင်းသား/သူစုစုပေါင်း(၇၉)ယောက်ရှိပြီး ဆရာမ(၅)ဦးတို့မှ ပညာသင်ကြားပေးလျက်ရှိပါသည်။ အလယ်တန်းတွင်(၆၁)ယောက်၊ အထက်တန်းတွင်(၃၆)ယောက်၊ တက္ကသိုလ်တွင်(၃၀)ယောက်တို့ ပညာသင်ယူနေကြသည်။

ကျေးရွာရှိမူလတန်းကျောင်းတွင် ပရိဘောဂနှင့် စာသင်ခုံများလုံလောက်မှုမရှိဖြစ်နေပြီး မူကြိုကျောင်းတွဲဖက်တည်ထောင်နိုင်ရန် မူကြိုကျောင်းဆောင်အဆောက်အဦလည်းလိုအပ်နေပါသည်။ မူလတန်းပြီးမြောက်သူများမှာ ရွာနှင့်အလှမ်းဝေးသော သရက်ချဉ်ကျေးရွာအထက်တန်းကျောင်းနှင့် ဆင်ဖြူကျွန်းမြို့ရှိ အထက်တန်းကျောင်းများသို့ စက်ဘီးများဖြင့်သော်လည်းကောင်း၊ ဆင်းရဲချို့တဲ့ပြီးမတတ် နိုင်သူများမှာ ခြေလျင်ခရီးနှင့်၍သော်လည်းကောင်း

သွားရောက်တက်နေကြရပါသည်။ တက္ကသိုလ်စာမေးပွဲ အောင်မြင်ခဲ့သော်လည်း ဆင်းရဲချို့တဲ့သောကြောင့် ဆက်လက်မတက်နိုင်သူများလည်းရှိပါသည်။

၇။ **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျန်းမာရေးကဏ္ဍတွင် ရွာသာကုန်းကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိသေးပေ။ ဇီးကုန်းကျေးရွာ ကျေးလက်ဆေးပေးခန်းတစ်ခုတည်းကို ရေကြည်ကျေးရွာအုပ်စုတွင်ပါဝင်သည့် ရွာပေါင်း(၉)ရွာရှိ ကျေးလက်ပြည်သူများမှမှီခိုအားထားနေရပါသည်။ ၎င်းကျေးလက်ဆေးပေးခန်းတွင် သားဖွားဆရာမတစ်ဦးတည်းသာ တာဝန်ထမ်းဆောင်နေရသဖြင့် ရွာသာကုန်းကျေးရွာတွင် ဆေးပေးခန်း တစ်ခုလိုအပ်ပါသည်။ရေကြည်ကျေးရွာအုပ်စုတွင် လူဦးရေ(၉၀၈)ဦး၊ အိမ်ထောင်စုဦးရေ(၂၄၈)ဦးရှိပြီး အကြီးဆုံးသောရွာကြီးဖြစ်နေ၍ ကျေးလက်ဆေးပေးခန်းရှိလာပါက ကျေးရွာရှိပြည်သူများ၏ ကျန်းမာရေး ကဏ္ဍပြည့်စုံနိုင်ပါသည်။

ကျန်းမာရေးဌာနမှ ညွှန်ကြားထားသည့် အပတ်စဉ်ကာကွယ်ဆေးထိုးခြင်း၊ ဆေးတိုက်ဆေးကျွေးခြင်း များကိုလည်း အုပ်ချုပ်ရေးဌာနနှင့် ကျေးလက်ဆေးပေးခန်းဆရာမတို့မှ လုပ်ဆောင်ပေးကြသည်။ ငှက်ဖျား ရောဂါနှင့် တီဘီရောဂါများကို ဌာနဆိုင်ရာများမှကာကွယ်ဆေး၊ကုသဆေးများပေး၍ဆောင်ရွက်ကြ သော်လည်း ကင်ဆာရောဂါများဖြစ်လာကြသည်ကို အနည်းငယ်တွေ့ရပါသည်။ သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါဖြစ်သူများ ယခင်ကထက်ပိုများလာပါသည်။ ကျေးရွာတွင်ရောင်းချသည့် ဆေးဆိုင်မရှိသလို ကျွမ်းကျင်သောကျန်းမာရေးဝန်ထမ်းများနှင့် ဆေးဝါးလိုအပ်ချက်များ ရှိနေသည်ကိုတွေ့ရှိရပါသည်။ ရွာလုံးကျွတ်နီးပါး ယင်လုံအိမ်သာကိုသာ အသုံးပြုနေကြသဖြင့် ဝမ်းပျက်ဝမ်းလျှောရောဂါများဖြစ်ပွားမှု နည်းပါးပါသည်။ ကျေးရွာတွင်ယင်လုံအိမ်သာပေါင်း( ၂၂၄ )လုံးရှိသည်။

သောက်သုံးရေအတွက် ရပ်ရွာတွင်ကိုယ်ပိုင်တူးထားသော တုံကင်တွင်းပေါင်း (၁၃၅)တွင်းကို အဓိကအားထားပြီးသောက်သုံးကြပါသည်။ရေကိုတစ်နှစ်ပတ်လုံး လုံလောက်စွာရရှိကြသည်။ ယခင်တူးဖော် ထားသည့်ရေတွင်းအားလုံးမှာ ပျက်စီးနေသဖြင့် သုံးစွဲ၍မရနိုင်တော့ပေ။

ကျေးရွာတွင်းရှိအမှိုက်ကင်းစင်ရေးကို အိမ်ဝန်းအတွင်း၌ ကိုယ့်အားကိုယ်ကိုး သန့်ရှင်းစေခြင်း၊ ကျေးရွာအတွင်းရှိသန့်ရှင်းရေးကို မိမိအသိဖြင့်တာဝန်ယူ၍ လုပ်ဆောင်ခြင်းဖြင့်သော်လည်းကောင်း၊ အခါအားလျော်စွာညီညွတ်စွာ စုပေါင်း၍လုပ်ဆောင်ကြခြင်းဖြင့်သော်လည်းကောင်း လုပ်ဆောင်ကြသည်။

**၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး**

ကျေးရွာရှိမြေများတွင် ကာလရှည်ကြာစွာစိုက်ပျိုးလာမှုတို့ကြောင့် သဘာဝမြေဆီလွှာများ နည်းပါးလာသဖြင့်သဘာဝအလျောက်ရရှိသည့် နွားချေး၊ ပြာ၊ ကြက်ချေး၊ ဝက်ချေးများကိုထည့်ပြီးပြုပြင်ကြ ပါသည်။ ဓါတုမြေသြဇာများပေါ်ထွန်းလာပြီး အသုံးချခြင်းကိုနည်းနိုင်သမျှနည်းအောင် အော်ဂဲနစ်ဆေးဝါး များ၊ နည်းပညာများကိုအသုံးပြုလာကြသည်။

မီးလောင်လွယ်သည့်လောင်စာများကို ကျေးရွာနေပြည်သူတို့မှ စုပေါင်းရှင်းလင်းကြခြင်းများကို အခါအားလျော်စွာလုပ်ဆောင်ကြပါသည်။ မီးဘေးအန္တရာယ်ကင်းရှင်းစေရန် မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ပူးပေါင်းပြီး မီးသတ်တပ်ဖွဲ့ဖွဲ့စည်းခြင်း၊ ပူပြင်းသောရာသီရောက်လျှင် မီးဖိုကျင်းများတူး၍ချက်ပြုတ်စေခြင်း၊ အချိန်ကန့်သတ်ပြီး မီးဖိုမီးကိုအသုံးချခြင်း၊ လေပြင်းများကျရောက်လာပါက ရွာ၏အပြင်ထွက်၍ ချက်ပြုတ်စေခြင်းစသည့် မီးအသုံးပြုခြင်းများကို စနစ်တကျဖြစ်စေရန် လိုက်နာမှုရှိအောင်စည်းရုံး ဆောင်ရွက်ကြသည်။

ရောဝတီမြစ်ရေတိုက်စားမှုကို ကြီးမားစွာခံစားခဲ့ရသဖြင့် ကမ်းပါးပြိုမှုနည်းပါးစေရန် ကမ်းပါးတွင်ပေါက်ရောက်နေသည့် အပင်မျိုးစုံကိုရှင်းလင်းခြင်းမပြုဘဲ မွေးမြူထားရှိသည်။ ကမ်းပါး၌ရှိနေ သော သစ်ပင်ကြီး ဝါးပင်ကြီးများကိုလည်းခုတ်ထွင်ရှင်းလင်းခြင်းမပြုရန် တားမြစ်ထားရသည်။ မလိုအပ်သည့်ရေများ၊ရေဆိုးများကိုလည်း ရေပြွန်များတပ်ဆင်ပေးခြင်း၊ ရေသွားရေလာကောင်းမွန်စေရန် စနစ်တကျမြောင်းများတူးဖော်ပေးခြင်းများပြုလုပ်ထားရှိပါသည်။ ထင်းအစားအခြားလောင်စာ အသုံးပြုစေ ခြင်း(ဥပမာ-ဖွဲမီးဖိုသုံးစွဲစေခြင်း)၊ ဆေးဘက်ဝင်အပင်များကိုလည်း အိမ်ဝန်းအတွင်း၌ တပိုင်တနိုင်စိုက်ထား ကြသည်။

သုံးစွဲပြီးစွန့်ပစ်ပစ္စည်းများ (ဥပမာ- ဆေးဗူးခွံ၊ ပလတ်စတစ်အိတ်ခွံနှင့် ပုလင်းခွံများ)ကိုလည်း အမှိုက်ပုံတနေရာတည်းတွင် စွန့်ပစ်ကြသည်။

**၉။ ကျား မ ရေးရာ**

ရွာသာကုန်းကျေးရွာတွင် အမျိုးသမီးအဖွဲ့များ၊ လူငယ်အဖွဲ့များသည် သူ့ကဏ္ဍနှင့်သူ အသီးသီး လုပ်ဆောင်နေကြသည်။ ယောကျာ်း၊ မိန်းမကိစ္စရပ်များ လုပ်ဆောင်ရာတွင် လူငယ်အဖွဲ့နှင့် အမျိုးသမီးအဖွဲ့တို့မှ တာဝန်ယူလုပ်ဆောင်ကြသည်။ ကျေးရွာတွင်သာရေး၊ နာရေး၊ လူမှုရေး၊ စီးပွားရေးတို့တွင် လူငယ်အဖွဲ့မှဝိုင်းဝန်းလုပ်ဆောင်ကြသကဲ့သို့ အမျိုးသမီးများအဖွဲ့မှလည်း

တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီလုပ်ဆောင်ကြသည်။ ယခုအခါ ကျေးရွာကော်မတီဖွဲ့စည်းရာတွင် အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ ပါဝင်လာသည်ကို တွေ့မြင်နိုင်သည်။

၁၀။ **ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ**

ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် ရပ်မိရပ်ဖများ၊ အုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာပြည်သူလူထုနှင့် အဖွဲ့အစည်းအသီးသီးတို့ တွေ့ဆုံဆွေးနွေးမှုပြုပြီး ပေါ်ထွက်လာသည့် လုပ်ငန်းခေါင်းစဉ်များကို စီမံချက်များ၊ အစီအစဉ်များရေးဆွဲပြုစုကြသည်။

အများသဘောတူရွေးချယ်ခြင်းခံထားရသည့် ကော်မတီဝင်(၉)ဦးတို့သည် ရွာသူ/သားများရွေးချယ် ဆွေးနွေးရာမှ ပေါ်ပေါက်လာသော လုပ်ငန်းခေါင်းစဉ်များကို အမှတ်ပေးစနစ်ဖြင့် ဦးစားပေးအစီအစဉ် အလိုက် အတည်ပြုကြပါသည်။ နည်းပညာဆိုင်ရာအထောက်အပံ့များကို မြို့နယ်ဆိုင်ရာ အဖွဲ့အစည်း အသီးသီးထံမှ အကူအညီများလိုအပ်ပါသည်။

ရွာသာကုန်းကျေးရွာ၏ ဦးစားပေးစီမံကိန်းများကို ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးမှ သဘောတူ သတ်မှတ်ထားသော ရှာဖွေတွေ့ရှိချက်များကို ဦးစားပေးစီမံကိန်းဇယား ရေးဆွဲထားပါသည်။

ဦးစားပေးစီမံကိန်းလုပ်ငန်းကို နောက်ဆက်တွဲဇယားအတိုင်းပြသထားပါသည်။

## ရေကြည်ကျေးရွာ၊ ရွာသာကုန်းကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဦးမြသောင်း | ဦးအုံး | ၈/စလန(နိုင်)၁၁၀၁၇၆ | ၆၁ | ဥက္ကဋ္ဌ | ၀၉-၂၅၇၀၁၀၉၅၄ | ငွေထုတ် |
| ၂ | ဦးစံမိုး | ဦးလှစိုး | ၈/စလန(နိုင်)၁၅၀၈၅၂ | ၄၇ | အတွင်းရေးမှူး | - | ငွေထုတ် |
| ၃ | ဒေါ်စောမြ | ဦးစံတင် | ၈/စလန(နိုင်)၀၄၅၆၉၇ | ၆၃ | ဘဏ္ဍာရေးမှူး | ၀၉-၂၅၉၇၇၃၃၁၂ | |
| ၄ | ဦးတင်ရွှေ | ဦးအောင်သိန်း | ၈/စလန(နိုင်)၀၄၇၀၂၀ | ၆၄ | စာရင်းကိုင် | ၀၉-၇၇၈၁၈၃၆၇၉ | |
| ၅ | ဦးစိုးသိန်း | ဦးတူး | ၈/စလန(နိုင်)၀၄၅၆၃၆ | ၆၅ | အဖွဲ့ဝင် | ၀၉-၄၂၄၅၃၉၈၅၆ | |
| ၆ | ဦးမောင်နိုင် | ဦးသောင်းကြည် | ၈/စလန(နိုင်)၁၁၀၁၇၉ | ၄၄ | အဖွဲ့ဝင် | - | |
| ၇ | ဒေါ်မာမာချို | ဦးအေးကို | ၈/စလန(နိုင်)၀၉၀၂၉၁ | ၄၃ | အဖွဲ့ဝင် | ၀၉-၄၅၅၉၅၇၄၅၄ | |
| ၈ | ဦးစိုးမိုးဝင်း | ဦးလှထွေး | ၈/စလန(နိုင်)၁၃၈၉၇၈ | ၃၁ | အဖွဲ့ဝင် | ၀၉-၄၄၆၄၂၃၇၈၈ | ငွေထုတ် |
| ၉ | ဒေါ်ပြုံးကြည် | ဦးဝင်းမောင် | ၈/စလန(နိုင်)၁၆၈၅၄၉ | ၃၅ | အဖွဲ့ဝင် | ၀၉-၂၅၈၂၃၁၀၇၆ | |

| ရွာသာကုန်းကျေးရွာ ဦးစားပေးစီမံကိန်းများ အကောင်အထည်ဖော်မည့် ဇယား | | | | | | | |
|---|---|---|---|---|---|---|---|
| **စဉ်** | **စီမံချက်** | **ဦးစားပေး အဆင့်** | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂ | ၂၀၂၂-၂၀၂၃ | ၂၀၂၃-၂၀၂၄ |
| ၁ | ကျေးရွာတွင်းလမ်းများမြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန်။ | ၁ | ✔ | | | | |
| ၂ | သချိုင်းကုန်းမြေတွင်မီးသဂြိုလ်စက်ဆောက်လုပ်ခြင်း။ | ၂ | | ✔ | | | |
| ၃ | မူကြိုကျောင်းဆောင်ဆောက်လုပ် ခြင်း။ | ၃ | | | ✔ | | |
| ၄ | ကွန်ကရစ်တံတားဆောက်လုပ်ခြင်း။ (ရေထွက်ချောက်တံတား) | ၄ | | | | ✔ | |
| ၅ | လယ်ယာမြေကုန်ထုတ်တံတား ဆောက်လုပ်ခြင်း။ | ၅ | | | | | ✔ |

| | ရွာသာကုန်းကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက်ပြဇယား | | | | | |
|---|---|---|---|---|---|---|
| စဉ် | ပြဿနာအခက်အခဲ | ဖြစ်ရသည့်အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတား | ဖြေရှင်းရန်နည်းများ | စီမံချက် |
| ၁ | ရွာသာကုန်းကျေးရွာရှိ လမ်းများပျက်စီးနေပြီး၊ လမ်းများကောင်းမွန်မှုမရှိ ခြင်း။ | မြေသားလမ်းဖြစ်နေ၍မိုးရာသီ တွင်ဗွက်များဖြစ်ပေါ်ပြီး ရေများဝပ်နေခြင်း။ | ကျေးရွာတွင်အဖွဲ့အစည်း များရှိခြင်း၊ ကုန်ကြမ်းပစ္စည်း နှင့် ရွာမှစည်းလုံးညီညွတ် သည့်လုပ်အားများရှိခြင်း။ | ရန်ပုံငွေနည်းပါးမှုနှင့်ကြုံ တွေ့ရခြင်း၊ အဖွဲ့အစည်း များနှင့် ချိတ်ဆက်စပ်ဆက် မှုလိုအပ်နေခြင်း။ | သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ လူထုနှင့်ပူးပေါင်းဆောင် ရွက်ခြင်း။ | ကျေးရွာတွင်းလမ်းများ မြေနီကျောက်စရစ်ခင်းခြင်း ။ |
| ၂ | ရွာသာကုန်းကျေးရွာရှိ သင်္ချိုင်းကုန်းကျဉ်းမြောင်း ပြီး ကျင်းများတူးဖော်ရာ တွင် နေရာထပ်၍တူးဖော် ရခြင်း။ | ကျေးရွာရှိသင်္ချိုင်းမြေကျဉ်း မြောင်းနေပါသဖြင့် နာရေး ကိစ္စတူးဖော်မြေမြှုပ်ရာတွင် တူးရန် မလွယ်ကူခြင်း။ | ကျေးရွာတွင်အဖွဲ့အစည်း များရှိခြင်း၊ လိုအပ်သည့် ရန်ပုံငွေ အခက်အခဲများကို ကျေးရွာပြည်သူများမှ ထည့်ဝင်ကြခြင်း။ | ရန်ပုံငွေအဖြစ်ထည့်ဝင်သ ည့် ရန်ပုံငွေလုံလောက်မှုမရှိခြင်း ။ အဖွဲ့အစည်း များနှင့် ချိတ်ဆက်မှုလိုအပ်နေခြင်း။ | သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ ပြည်သူတို့၏ထည့်ဝင်လာ မည့်ရန်ပုံငွေများရှိနေခြင်း။ | သင်္ချိုင်းကုန်းမြေတွင်မီး သင်္ဂြိုလ်စက် ဆောက်လုပ်ခြင်း။ |
| ၃ | မူကြိုကျောင်းဆောင်မရှိ ခြင်း။ | မူကြိုကျောင်းတက်မည့် ကျောင်းသား/သူများရှိနေခြင်း၊ ကျောင်းဆောင်တည်ဆောက် မှုမရှိခြင်း။ | ကျေးရွာတွင် အဖွဲ့အစည်း များရှိခြင်း၊ ကျောင်းသား မိဘများ၏အကူအညီများ ရှိနေခြင်း၊ ကျေးလက် ပြည်သူများမှအားပေးခြင်း။ | ရန်ပုံငွေနည်းပါးခြင်း၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုလိုအပ်ခြင်း။ | ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်၍ညှိနှိုင်းဆောင် ရွက်ခြင်း၊ ကျောင်းအကျိုး တော်ဆောင်အဖွဲ့နှင့် မိဘ ဆရာအသင်းတို့ပူးပေါင်း၍ ထိရောက်စွာလက်တွဲ ဆောင်ရွက်ရန်ကူညီပေးခြင်း။ | မူကြိုကျောင်းဆောင် ဆောက်လုပ် ခြင်း။ |
| ၄ | မြောင်းချောက်ရေတိုက် စား ပျက်စီးနေခြင်း။ | ကျေးရွာမြောက်ဘက် ဘုရား အနီး ရောဝတီမြစ်အတွင်း ဆင်းနေသည့်မြောင်းချောက် ရေတိုက်စား၍ လယ်ယာထွက် ကုန်သယ်ယူရန် ခက်ခဲခြင်း။ | လုပ်ဆောင်ကြမည့်အဖွဲ့ အစည်းများရှိခြင်း၊ ကျေးလက်ပြည်သူများနှင့် တောင်သူများဝိုင်းဝန်း ကူညီကြခြင်း။ | တံတားတည်ဆောက်ရန် ဆင်းရဲသားတောင်သူများ တတ်နိုင်မှုနည်းပါးခြင်း၊ အဖွဲ့အစည်းများနှင့်ချိတ် ဆက်မှုနည်းပါးခြင်း။ | ကျေးလက်ဒေသဖွံ့ဖြိုးရေး ကော်မတီများနှင့် ကျေးလက်ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခြင်း။ | ကွန်ကရစ်တံတားဆောက် လုပ်ခြင်း။ (ရေထွက်ချောက်တံတား) |
| ၅ | ရွာသာကုန်းရွာလယ်ယာ ကြားကုန်ထုတ်လမ်းတွင် ပေါင်းကူးတံတားဆောက် လုပ်ရန်လိုအပ်နေခြင်း။ | ရေမြောင်းကိုဖြတ်ကျော်၍ လယ်ယာထုတ်ကုန်သယ်ယူရ ာ တွင် အချိန်အခါမီ သယ်ယူရန် ခက်ခဲခြင်း၊ မြောင်းရေဖြင့် လမ်းများဗွက်ထနေခြင်း။ | ဆောင်ရွက်ကြမည့်အဖွဲ့ အစည်းများရှိနေခြင်း၊ ကျေးလက်နေပြည်သူများ နှင့် တောင်သူများဝိုင်းဝန်း ကူညီကြခြင်း။ | ပေါင်းကူးတံတားဆောက် လုပ်ရန်ရန်ပုံငွေအခက်အခဲ ရှိနေခြင်း၊ အဖွဲ့အစည်းများနှင့်ချိတ်ဆ က်မှုအားနည်းနေ ခြင်း။ | ကျေးလက်ဒေသဖွံ့ဖြိုးရေး ကော်မတီအဖွဲ့နှင့် ကျေးလက်ဦးစီးဌာနတို့ ချိတ်ဆက်ဆောင်ရွက်ခြင်း။ | လယ်ယာမြေကုန်ထုတ်တံ တား ဆောက်လုပ်ခြင်း။ |

ပုံစံ(၁)

# စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

| | |
|---|---|
| ကျေးရွာ – ရွာသာကုန်းကျေးရွာ<br>ကျေးရွာအုပ်စု – ရေကြည်<br>မြို့နယ် – စလင်း<br>တိုင်းဒေသကြီး / ပြည်နယ် – မကွေး | |
| စီမံချက်အမည် – ကျေးရွာတွင်းရှိလမ်းများမြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန်။ | |
| စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေကျေးရွာတွင်း<br>ကျေးရွာတွင်းလမ်းများသည် မြေသားလမ်းများဖြစ်နေ၍ မိုးရာသီအချိန်တွင် လမ်းများပျက်စီးခြင်း၊ ဗွက်များဖြစ်ပေါ်နေခြင်းတို့ကြောင့် စီးပွားရေး၊ လူမှုရေး၊ကျန်းမာရေး၊ ပညာရေး တို့တွင်သွားလာရခက်ခဲသည့် ဒုက္ခမျိုးစုံကြုံတွေ့နေရပါသည်။ | |
| စီမံချက်ရည်ရွယ်ချက်<br>ကျေးရွာတွင်းလမ်းများအား အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် တစ်နှစ်ပတ်လုံး သွားလာရလွယ်ကူလာမည်ဖြစ်ပြီး လမ်းပမ်းဆက်သွယ်ရေးကောင်းမွန်လာမည် ဖြစ်ပါသည်။ | |
| မျှော်မှန်း အကျိုးရလဒ်<br>လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပါက ကျေးရွာရှိရွာသူ/သားများ၏ကျန်းမာရေးအတွက် ဆေးရုံဆေးခန်းများသို့ လွယ်ကူလျင်မြန်စွာသွားလာနိုင်မည်ဖြစ်ပြီးကျောင်းသူ/သားများနှင့်ကျေးလက်နေတောင်သူလုပ်သားတို့၏ထုတ်ကုန်/သွင်းကုန်စွမ်းအားစုများအဆင်ပြေချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ပါသည်။ | |
| စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း<br>ရွာသာကုန်းကျေးရွာတွင်းရှိလမ်းများကို မြေနီကျောက်စရစ်လမ်း လမ်းအရှည် ၅၂၅၀' ၊ ထု ၆" ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။ | |
| ကုန်ကျစရိတ်ထည့်ဝင်မှု | |
| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့်အစီအစဉ် |
| • ၁၀၀၀၀၀၀၀(ငွေသား) | • ကျေးလက်ဦးစီး |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၄၂၉ | ၄၇၉ | ၉၀၈ | ၂၃ | ၂၄ | ၂၁ | ၁၇၄ | ၂၄၈ |
| **အကျိုးခံစားမည့် ဦးရေ** | ၄၂၉ | ၄၇၉ | ၉၀၈ | ၂၃ | ၂၄ | ၂၁ | ၁၇၄ | ၂၄၈ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)– ကျေးရွာဖွံ့ဖြိုးရေးကော်မတီ နှင့် ကျေးလက်ဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်မည်ဖြစ်ပါသည်။ |
| (၂) စီမံချက် စတင်မည့်အချိန် (ခန့်မှန်း) – ငွေထုတ်ပြီး(၃)ရက်မှ (၁)ပတ်အတွင်း |
| (၃) စီမံချက် ပြီးစီးမည့်အချိန် – |
| (၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်– လုပ်အားထည့်ဝင်နိုင်အောင် ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ပါသည်။ |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေး ဆိုင်ရာ အစီအစဉ်များ– ကျေးရွာဖွံ့ဖြိုးရေး ကော်မတီမှ ဆောင်ရွက်မည်ဖြစ်ပါသည်။ |

လက်မှတ်
ဥက္ကဋ္ဌ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လက်မှတ်
ဥက္ကဋ္ဌ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နောက်ဆက်တွဲ ပုံစံ(၂)

## အဆိုပြုစီမံချက် အကြောင်းအရာများ ဆန်းစစ်ချက်

**စီမံချက်အမည် –**ကျေးရွာတွင်းလမ်းများ မြေနီကျောက်စရစ်ခင်းခြင်း

**ကျေးရွာ –** ရွာသာကုန်း **မြို့နယ်** –စလင်း **ပြည်နယ်/တိုင်း –**မကွေး

**(က) အကျိုးသက်ရောက်မှု ဆိုင်ရာ**

| | ဟုတ် | မဟုတ် | မသိ |
|---|---|---|---|
| လူအများကို အကျိုးပြုသလား | – | | |
| ဆင်းရဲသားများ အကျိုးခံစားရသလား | – | | |
| စီမံကိန်းရည်မှန်းချက် ရောက်ရှိနိုင်သလား | – | | |

**သုံးသပ်တွေ့ရှိချက်များ**

ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် ကျေးရွာသူ/သားများနှင့် ကျောင်းသား/သူများ ရာသီမရွေး သွားလာရေး အဆင်ပြေမည်ဖြစ်ပါသည်။ ကျေးရွာမှ ကိုယ်တိုင် ဆောင်ရွက်ရသည့်အတွက် လုပ်ငန်းအတွေ့အကြုံများ ရရှိပါသည်။

**(ခ) ဘဏ္ဍာရေးဆိုင်ရာ စံနှုန်း**

| | ဟုတ် | မဟုတ် | မသိ |
|---|---|---|---|
| အဆိုပြုရန်ပုံငွေပမာဏသည် လုပ်ငန်းအတွက် သင့်တော်သည့် ပမာဏ ဖြစ်သလား | – | | |
| ဘတ်ဂျက်တွင်ဖော်ပြထားသော အသုံးစရိတ်အမျိုးအစားများသည် လုပ်ငန်းနှင့် ဆီလျော်ရဲ့လား | – | | |
| တစ်ယူနစ် တန်ဖိုးဖော်ပြထားသလား | – | | |
| ကျား/မ လုပ်အားခ တန်းတူ သတ်မှတ်ထားသလား | – | | |
| အသုံးစရိတ်အကြောင်းအရာ တစ်ခုချင်း၏ တစ်ယူနစ်တန်ဖိုးသည် လက်ရှိပေါက်ဈေးနှင့် ကိုက်ညီသလား | – | | |

**သုံးသပ်တွေ့ရှိချက်များ**

အဆိုပြုရန်ပုံငွေပမာဏမှာ ဒေသအသုံးစရိတ်၊ ဒေသလုပ်အားခများနှင့် ကိုက်ညီမှုရှိပြီး ဒေသန္တရ အခြေအနေပေါ်မူတည်၍ လုပ်ငန်းအတွက်သင့်တော်သည်ဟု သုံးသပ်တွေ့ရှိရပါသည်။

**(ဂ) နည်းပညာ ဆိုင်ရာ**

| | ရှိ | မရှိ | မသိ |
|---|---|---|---|
| နည်းပညာဆိုင်ရာအရ ဖြစ်နိုင်ခြေရှိရဲ့လား | - | | |
| ဤလုပ်ငန်းဆောင်ရွက်ရန် ကျေးရွာလူထုတွင် အတွေ့အကြုံရှိရဲ့လား | - | | |
| လုပ်ငန်းလုပ်ဆောင်ရန်အတွက် လူ့အရင်းအမြစ်နှင့် ပစ္စည်းရရန် လွယ်ကူမှု ရှိရဲ့လား | - | | |
| ပြုပြင်ထိန်းသိမ်းရေးနှင့် လုပ်ငန်းလည်ပတ်ရေး အစီအစဉ်ရှိရဲ့လား | - | | |

**သုံးသပ်တွေ့ရှိချက်များ**

ကျေးရွာမှ မြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် အတွေ့အကြုံများရှိသဖြင့် နည်းပညာအခက်အခဲမရှိပါ။ ကျေးရွာမှ နှစ်စဉ်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းအား ဥစ္စာစုနေအဆင့်အလိုက် ကောက်ခံဆောင်ရွက်သွားမည်။

**(ဃ) လူမှုရေးဆိုင်ရာ**

| | ဟုတ် | မဟုတ် | မသိ |
|---|---|---|---|
| စီမံကိန်းသည် အမျိုးသမီးများကို အကျိုးပြုမည်လား | - | | |
| စီမံကိန်းသည် ထိခိုက်သက်ရောက်လွယ်သော အုပ်စုကို အကျိုးပြုမည်လား | - | | |
| စီမံကိန်းကြောင့် အစုအဖွဲ့တစ်ခုခုကို ထိခိုက်မည်လား | | - | |
| | | | |

**သုံးသပ်တွေ့ရှိချက်များ**

ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် ကျေးရွာ၏ အမျိုးသမီး နှင့် ထိခိုက်သက်ရောက်လွယ်သောအုပ်စုများ အကျိုးပြုမှုများရှိပါသည်။

**(c) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ**

| | ဟုတ် | မဟုတ် | မသိ |
|---|---|---|---|
| စီမံကိန်းကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ရှိမည်လား | | - | |
| ထိခိုက်နိုင်မှုများအတွက် ကြိုတင်ကာကွယ်ရေး အစီအမံများ ရှိရဲ့လား | | - | |

**သုံးသပ်တွေ့ရှိချက်များ**

စီမံကိန်းကြောင့် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်နိုင်ပါ။ ကြိုတင်ကာကွယ်ရန်လည်း မလိုအပ်ပါ။

**ဆုံးဖြတ်ချက်**

| ဆုံးဖြတ်ချက် | ရှင်းလင်းဖော်ပြချက် |
|---|---|
| • အတည်ပြု | |
| • ပြင်ဆင်ရန် | |
| • ပယ်ချ | |

**စဉ် အမည် တာဝန် လက်မှတ်**

(၁)

(၂)

(၃)

နောက်ဆက်တွဲ

ပုံစံ(၃)

## ဖွံ့ဖြိုးရေးရန်ပုံငွေ လွှဲပြောင်းပေးခြင်းဆိုင်ရာ သဘောတူညီချက်

| | |
|---|---|
| ဖွံ့ဖြိုးရေးလုပ်ငန်းအမည် | ကျေးရွာအဝင်လမ်းနှင့် ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်း |
| ကျေးရွာ | ရွာသာကုန်း |
| ကျေးရွာအုပ်စု | ရေကြည် |
| မြို့နယ် | စလင်း |
| ပြည်နယ်/တိုင်းဒေသကြီး | မကွေး |

ရက်စွဲ

လွှဲပြောင်းပေးမည့် ငွေပမာဏ (ဂဏန်းဖြင့်)၁၀၀၀၀၀၀၀/(စာဖြင့်) ကျပ်သိန်းတစ်ရာတိတိ

ကံကုန်း ကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် မြို့နယ်သက်ဆိုင်ရာဦးစီးဌာနတို့သည် အောက်ဖော်ပြပါ အတိုင်း သဘောတူညီကြ ပါသည်။

၁။ သက်ဆိုင်ရာဦးစီးဌာနသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ဘဏ်စာရင်းသို့ ဤသဘောတူ လက်မှတ် ရေးထိုးပြီး (၂) ပတ်အတွင်း အထက်တွင် ဖော်ပြထားသော ငွေပမာဏကို လွှဲပေးပါမည်။

၂။ ဖွံ့ဖြိုးရေးရန်ပုံငွေကို အတည်ပြုထားသည့် အဆိုပြုလုပ်ငန်းမှတပါး အခြားလုပ်ငန်းများတွင် မသုံးရ။

၃။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အားထုတ်၍ ရိုးသားပွင့်လင်းစွာ ဆောင်ရွက်ရပါမည်။

၄။ သက်ဆိုင်ရာဦးစီးဌာနက ပြဌာန်းသည့် လမ်းညွှန်ချက်၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာရပါမည်။

| | |
|---|---|
| မြို့နယ်ဦးစီးမှူး | ဥက္ကဋ္ဌ |
| ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | ကျေးရွာဖွံ့ဖြိုးရေးကော်မတီ |

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၀ | ၆ | ၁၆ |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၂၄ | ၂၄ | ၄၈ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၂၉ | ၂၈ | ၅၇ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၃၇ | ၃၀ | ၆၇ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၁၁ | ၃၆၅ | ၆၇၆ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၈ | ၂၆ | ၄၄ |
| စုစုပေါင်း | | ၄၂၉ | ၄၇၉ | ၉၀၈ |
| စုစုပေါင်း အိမ်ထောင်စု | | | | ၂၄၈ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိလူဦးရေအများစုသည် အလုပ်လုပ်နိုင်သည့်အရွယ်များပြားနေသည့်အတွက်လူတို့၏လုပ်ကိုင်ရည်စွမ်းအားမြင့်မားနေပြီး ကလေးများနှင့် သက်ကြီးရွယ်အိုများကို အနည်းငယ်သာတွေ့ရပါသည်။ ကလေးများ၏ပညာရည်မြှင့်တင်ပေးရန်လိုအပ်သကဲ့သို့ သက်ရွယ်ကြီးသူတို့ကိုလည်း ကျန်းမာရေးကူညီစောင့်ရှောက်ပေးရန်လိုအပ်ပေသည်။

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာတစ်ခုကို သာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇၇ | ၈၈ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၆၈ | ၁၇၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာတစ်ခုကို သာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၁ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၂ | ၀ | မြင့် ☐ လတ် ☐ နိမ့် ✔ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ✔ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၃ | ၀ | မြင့် ☐ လတ် ☐ နိမ့် ✔ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ✔ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၁ | ၀ | မြင့် ☐ လတ် ☐ နိမ့် ✔ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာတစ်ခုကို သာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၂ | ၀ | မြင့် ☐ လတ် ☐ နိမ့် ✔ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၄ | **ငွေရေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၁ | ၀ | မြင့် ☐ လတ် ☐ နိမ့် ✔ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၇ | ၀ | မြင့် ☐ လတ် ☐ နိမ့် ✔ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၁၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ✔ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၃ | ၀ | မြင့် ☐ လတ် ☐ နိမ့် ✔ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ☒ |
